ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

# အစီရင်ခံစာယ်ရှင်းလင်းဖွင့်ဆိုချက်

အမှတ်၊ ၃ / ၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

## ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) နှင့် လစဉ်ငှားရမ်းခတို့ အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်း ရှိ၊ မရှိ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) နှင့် လစဉ်ငှားရမ်းခ (ငှားရမ်းခကိုကြိုတင်ပေးချေရပါက ကြိုတင်ငှားရမ်းခ ပေးချေငွေ အပါအဝင်) တို့အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်း ရှိ၊ မရှိ နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းကို ရှင်းလင်းစွာ သိရှိနိုင်စေရန်အတွက် အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုခြင်း ဖြစ်ပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤအဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်သည် အငှားပိုင်ဆိုင်သူက အငှားချထားသူသို့ ပစ္စည်းတစ်ခု ခု ငှားရမ်းခြင်းအတွက် ပေးရသည့် ပရီမီယံ (Lease Premium) နှင့် လစဉ်ငှားရမ်းခ (ငှားရမ်းခကို ကြိုတင်ပေးချေရပါကကြိုတင် ငှားရမ်းခပေးချေငွေအပါအဝင်) တို့အပေါ်တွင် ကုန်သွယ်လုပ်ငန်း ခွန် ကျသင့်ခြင်း ရှိ၊ မရှိ နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ အဓိပ္ပာယ် ဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

### အကျိုးသက်ရောက်သူများ

၃။ ဤအဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်သည် ပစ္စည်းတစ်ခုခုကို အငှားချထားသူများနှင့် အငှား ပိုင်ဆိုင်သူများအပေါ်တွင် အကျိုးသက်ရောက်စေပါသည်။

**သက်ဆိုင်ရာအဓိပ္ပာယ်ဖော်ပြချက်များ**

၄။ **အငှားချထားသူ**ဆိုသည်မှာ မိမိပိုင်ဆိုင်သည့်ပစ္စည်းတစ်ခုခုကို သတ်မှတ်ထားသည့်ငှားရမ်းခ အပြင် **ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)** ကိုပါရယူ၍ အငှားချထားသောပစ္စည်း၏ ပိုင်ရှင်ကို ဆိုလိုပါသည်။

၅။ **အငှားပိုင်ဆိုင်သူ** ဆိုသည်မှာ ပစ္စည်းတစ်ခုခုကို ငှားယူရာတွင် သတ်မှတ်ထားသည့် ငှားရမ်းခ အပြင် **ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)** ကိုပါ အငှားချထားသူသို့ ပေးချေ၍ ငှားယူသူကို ဆိုလိုပါသည်။

၆။ **ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)** ဆိုသည်မှာ ပစ္စည်းတစ်ခုခုကို ငှားရမ်းခွင့် ရရှိရန်အတွက် အငှားပိုင်ဆိုင်လိုသူက အငှားချထားသူသို့ တစ်လုံးတည်းပေးချေရသည့် ငွေကို ဆိုလိုပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၇။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဒ) နှင့် (ဓ) တို့တွင် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေ၊ ကုန်ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ၊ တင်သွင်းသူ၊ ကုန်းပေါ်ရောက်တန်ဖိုး၊ ကုန်သွယ်မှု၊ ကုန်သွယ်မှုဆောင်ရွက်သူ ဟူသော စကားရပ်တို့၏ အဓိပ္ပာယ်ကို ဖွင့်ဆိုပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၄ တွင် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဆောင်ရွက်မှုများကို ပြဋ္ဌာန်းထားပြီး အဆိုပါ ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်ကို ပေးဆောင်ရန် တာဝန်နှင့်စပ်လျဉ်း၍ ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားပါသည်။ ကျသင့်သည့်အခွန်နှုန်းနှင့် အခြေခံတွက်ချက်ရမည့် သတ်မှတ်ချက်များကို ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတို့၏ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (င) တို့တွင် ပြဋ္ဌာန်းထားပါသည်။ အဆိုပါပြဋ္ဌာန်းချက်များအရ ကုန်သွယ်လုပ်ငန်းခွန်သည် ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ တင်သွင်းလာသောကုန်စည်ကို ပြန်လည်ရောင်းချခြင်းနှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းတို့အတွက် ကုန်စည်ရောင်းရငွေအပေါ်တွင် လည်းကောင်း၊ ကုန်စည်တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း၊ ဝန်ဆောင်မှု ဆောင်ရွက်ခြင်းအတွက် ဝန်ဆောင်မှု လုပ်ငန်းများမှရငွေအပေါ်တွင် လည်းကောင်း ကျသင့်ခြင်း ဖြစ်ပါသည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) တွင် **ကုန်စည်** ဆိုသည်မှာ ပြည်ပမှ တင်သွင်းသောပစ္စည်း သို့မဟုတ် ရောင်းချရန်အလို့ငှာ ပြည်တွင်း၌ ထုတ်လုပ်သည့် ပစ္စည်းကို ဆိုသည်ဟု ပြဋ္ဌာန်းထားပါသည်။

(ဂ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) တွင် **ဝန်ဆောင်မှု** ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကိုဆိုသည် ဟု ပြဋ္ဌာန်းထားပါသည်။

**လိုက်နာဆောင်ရွက်ရန် တာဝန်သတ်မှတ်ချက်**

၈။ ပစ္စည်းတစ်ခုခုကို အငှားချရာတွင် အငှားချထားသူက ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ရရှိပါသည်။ ငှားရမ်းမှုသဘောတူညီချက်အရ ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) လက်ခံရရှိခြင်းသည် အငှားပိုင်ဆိုင်ခွင့်ဟူသောအခွင့်အရေးတစ်ရပ်အတွက် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ထိတွေ့၍မရသောပစ္စည်းကို ငှားရမ်းမှုသဘောတူညီချက်နှင့်အညီ လွှဲပြောင်းပေးရန်အတွက် လက်ခံရယူခြင်းသာ ဖြစ်ပါသည်။ ယင်းသို့ထိတွေ့၍မရသောပစ္စည်းကို အဖိုးစားနားဖြင့် လွှဲပြောင်းပေးခြင်းသည် ကုန်စည်ကိုလွှဲပြောင်းပေးခြင်းမဟုတ်သကဲ့သို့ ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်းလည်း မဟုတ်ပါ။ သို့ဖြစ်၍ ယင်းသို့ ငှားရမ်းခြင်းကြောင့် အဆိုပါပစ္စည်း အသုံးပြုခွင့်အတွက် သို့မဟုတ် ငှားရမ်းရန်ရည်ရွယ်ထားသည့် ထိတွေ့၍မရသောပစ္စည်းကို ပိုင်ဆိုင်ခွင့်ရရန်အတွက် ပေးရသော ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်းမရှိပါ။

## နမူနာဖြစ်စဉ်

စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော ' အေ ' သည် သူ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ' ဘီ ' ထံမှ အဆောက်အအုံတစ်ခုကို ငှားရမ်းရယူပါသည်။ ထိုငှားရမ်းခြင်း သဘောတူစာချုပ်အရ -

(က) ' အေ ' သည် ' ဘီ ' ကို အဆောက်အအုံ ငှားရမ်းခ တစ်လလျှင် ကျပ် ၂,၀၀၀, ၀၀၀/- ပေးရပါသည်။

(ခ) ' အေ' သည် ထိုငှားရမ်းခြင်း သဘောတူစာချုပ်အတွက် ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) ကျပ် ၂၄,၀၀၀,၀၀၀/- ကို ' ဘီ ' သို့ ပေးရပါသည်။

**ဤအခွန်ပြဿနာဖြေရှင်းခြင်းဆိုင်ရာ သတ်မှတ်ချက်ကို ကျင့်သုံးခြင်း**

' ဘီ ' သည် ' အေ ' ထံမှရရှိသော ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) ကျပ် ၂၄,၀၀၀,၀၀၀/- အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရန် မလိုအပ်ပါ။ အဘယ်ကြောင့်

ဆိုသော် ' ဘီ ' သည် ' အေ ' သို့ ကုန်စည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်း မဟုတ်သောကြောင့် ဖြစ်ပါသည်။ ' ဘီ ' သည် ၎င်းပိုင်ဆိုင်သောအဆောက်အအုံကို ငှားရမ်း အသုံးပြုခွင့်ပြုခြင်းဖြင့် အဆောက်အအုံအတွင်းသို့ ဝင်ရောက်ခွင့် သို့မဟုတ် အငှားပိုင်ဆိုင်ခွင့်ကို ' အေ ' သို့ ပေးခြင်းဖြင့် အဆိုပါထိတွေ့၍မရသော ပစ္စည်းကို လွှဲပြောင်းပေးခြင်းသာဖြစ်ပါသည်။

သို့ရာတွင် ' ဘီ ' သည် ' အေ ' ထံမှလစဉ်ရရှိသော အဆောက်အအုံငှားရမ်းခ ကျပ် ၂,၀၀၀,၀၀၀/- အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရမည်ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ထိုငှားရမ်းခရငွေသည် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတို့အရ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် မရှိသော ဝန်ဆောင်မှုဖြစ်သောကြောင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်းဖြစ်ပါသည်။

' အေ ' သည် ' ဘီ ' ကို ပေးရသည့် ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်မပေးရခြင်းမှာ ' အေ ' က ' ဘီ ' သို့ ပေးချေရသည့် ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) သည် ကုန်စည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းအတွက် ပေးချေမှုမဟုတ်သောကြောင့်ဖြစ်ပါသည်။ သို့ရာတွင် 'အေ' သည် 'ဘီ' ထံသို့ လစဉ်အဆောက်အအုံ ငှားရမ်းခ (ငှားရမ်းခကိုကြိုတင်ပေးချေရပါက ကြိုတင်ငှားရမ်းခပေးချေငွေ အပါအဝင်) နှင့်အတူ ပေးချေခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်း ၄၂ အရ ပြန်လည် ခုနှိမ်ခွင့်ရှိပါသည်။

၉။ ဤအမိန့်ကြော်ငြာချက်ပါ ရှင်းလင်းဖွင့်ဆိုချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်ပါသည်။

( မင်းထွဋ် )
ညွှန်ကြားရေးမှူးချုပ်
20.2.2019

စာအမှတ်၊ ၁(၃)/ ဥစ-၁/ ပတခ/ ၂၀၁၉ ( ၂၀၈၀ )
ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်

<u>ဖြန့်ဝေခြင်း</u>
မြန်မာနိုင်ငံစာရင်းကောင်စီ
ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာ ပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)

ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)

ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး

ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)

တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)

ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး

} သက်ဆိုင်ရာ အခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ